စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာဆန်းစစ်ခြင်း

# လူ့အခွင့်အရေးနှင့် စီးပွားရေးဆိုင်ရာ အနှစ်ချုပ်စာလွှာ

# အသက်မွေးဝမ်းကျောင်းမှုများ



Institute for Human Rights and Business

Myanmar Centre for Responsible Business

THE DANISH INSTITUTE FOR HUMAN RIGHTS

အနှစ်ချုပ်စာလွှာသည် မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက်လေ့လာဆန်းစစ်ခြင်း သုတေသနအဖွဲ့များ အသုံးပြုရန်အတွက် ပြုစုထားခြင်းဖြစ်သည်။ သို့ရာတွင် အထူးသဖြင့် စီးပွားရေးကိစ္စရပ်များနှင့်ပတ်သက်၍ လူ့အခွင့်အရေးချိုးဖောက်နိုင်မှုများနှင့်ပတ်သက်၍ နားလည်နိုင်စေရေးတွင်လည်း အသုံးပြုနိုင်မည် ဖြစ်ပါသည်။ MCRB ၏ စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာ ဆန်းစစ်ခြင်း သုတေသနလုပ်ငန်းများနှင့်ပတ်သက်၍ MCRB အင်တာနက်စာမျက်နှာ www.mcrb.org.mm တွင် အသေးစိတ် ဝင်ရောက် ဖတ်ရှုနိုင်ပါသည်။

# လူ့အခွင့်အရေးနှင့်ဆက်နွယ်သည့် အကြောင်းအရာအကျဉ်းချုပ်

လူ့အခွင့်အရေးသည် လူတို့၏ အခြေခံလိုအပ်ချက်များဖြစ်သည့် အစာ၊ ရေ၊ အိုးအိမ်၊ ကျန်းမာရေး၊ အခြေခံပညာ သင်ကြားပိုင်ခွင့်သည်တို့ ဖြစ်သည်။ လူတိုင်း အဆိုပါအခြေခံဘဝလိုအပ်ချက်များ ရရှိခံစားနိုင်မှုကို သေချာစေခြင်းသည် လူ့အခွင့်အရေး၏ အတွေးအခေါ်ဖြစ်သည်။ လူတို့သည် ၎င်းတို့ကိုယ်တိုင် ထိုလိုအပ်ချက်များကို မဖြည့်ဆည်းနိုင်လျှင် အစိုးရမှ ဝင်ရောက်ဖြည့်ဆည်းပေးရန် လိုသည်။ အချို့သောတိုင်းပြည်များရှိ အစိုးရများသည် ထိုသို့ဖြည့်ဆည်း ပေးနိုင်ရန် အရင်းအမြစ်များ မရှိခြင်း၊ သို့မဟုတ် တမင်တကာ မဖြည့်ဆည်းဘဲ နေခြင်းတို့ရှိပါသည်။ ပုဂ္ဂလိက ကုမ္ပဏီလုပ်ငန်းတို့သည် ထိုလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် တရားဥပဒေအရ မလိုအပ်ပါ။ သို့ရာတွင် ၎င်းတို့ထံမှ မျှော်လင့်သည်မှာ ထိုလိုအပ်ချက်များကို မနှောင့်ယှက်မိဖို့ရာ ဖြစ်သည်။ ကုမ္ပဏီလုပ်ငန်းများကြောင့် လူတို့၏ အခြေခံလိုအပ်ချက်များကို မပျက်စီးစေသင့်ပေ။ အကယ်၍ ကုမ္ပဏီလုပ်ငန်းတို့ကြောင့် ပျက်စီးမှုများ ဖြစ်လာပါက လုပ်ငန်းဆောင်ရွက်မှုကို ရပ်ဆိုင်းခြင်း၊ သို့မဟုတ် ထိခိုက်စေမှုလျှော့ချခြင်းနှင့် ထိခိုက်ခံရသူများကို နစ်နာကြေးပေးခြင်းတို့ ပြု လုပ်သင့်သည်။

ကုမ္ပဏီများသည် လူတို့၏ အသက်မွေးဝမ်းကျောင်းမှုအပေါ် အမျိုးမျိုးသက်ရောက်နိုင်သည်။ ဥပမာ- လယ်ယာများကို ဝယ်ယူလိုက်ခြင်းဖြင့် လယ်ယာ မလုပ်ကိုင်နိုင်တော့ခြင်း၊ သီးနှံစိုက်ပျိုးရေးအတွက်သုံးသော ရေအရင်း အမြစ်များကို ထိခိုက်ခြင်း၊ မြေကြီးနှင့်ရေတို့ကို ညစ်ညမ်းစေခြင်းဖြင့် သီးနှံများစိုက်ပျိုးရန် သို့မဟုတ် စားကျက်များ ရှင်သန်ရန် ခက်ခဲလာခြင်း၊ ဘုံစားကျက်မြေများကို ပိတ်ကာခြင်းဖြင့် စားကျက်နေရာများ ပျောက်ဆုံးခြင်းတို့ဖြစ်သည်။ ကုမ္ပဏီများ ထံမှ မျှော်လင့်သည်မှာ - လုပ်ငန်းများမစခင်ကပင် ၎င်းတို့၏လုပ်ငန်းများသည် ရပ်ရွာလူထုပေါ် မည်သို့ သက်ရောက် နိုင်သည်ကို စုံစမ်းစစ်ဆေးမှုပြုရန်၊ ရပ်ရွာနေသူများနှင့် ထိုကိစ္စများကိုဆွေးနွေးရန်၊ မကောင်းသည့် သက်ရောက်မှုများ မရှိရန် လုပ်ငန်းလုပ်ဆောင်မှု ပုံစံပြောင်းခြင်း သို့မဟုတ် ရပ်ရွာလူထုသဘောတူညီမှုဖြင့် ထိခိုက်ဆုံးရှုံးစေမှုများအတွက် နစ်နာကြေးပေးခြင်း (ငွေကြေး၊ သို့မဟုတ် တခြားနေရာ အရင်းအမြစ်မျိုး) တို့ဖြစ်သည်။

ဒေသတွင်းစီးပွားရေးကို ပြောင်းလဲစေခြင်းဖြင့်လည်း ကုမ္ပဏီများသည်လူတို့၏ အသက်မွေးဝမ်းကျောင်းမှုပေါ်တွင် သက်ရောက်မှုများ ရှိသည်။ ကုမ္ပဏီတို့သည် အလုပ်သမားသစ်များ ခေါ်လာခြင်း၊ အိမ်ရာများ ဝယ်ခြင်း၊ ငှားခြင်း၊ ဒေသရှိ အစားရေစာများဝယ်ခြင်းတို့ လုပ်ဆောင်ကြသည်။ ထို့ကြောင့် ဒေသတွင်းနေထိုင်သူတို့သည် ဈေးနှုန်းများကြီး မြင့်လာသည့် ဒဏ်ကိုခံကြရသည်။ (ရွှေ့ပြောင်းဝင်ရောက်ခြင်း စာလွှာကိုကြည့်ရန်)

ရပ်ရွာနေသူများ၏ အသက်မွေးဝမ်းကျောင်းပေါ် ရိုက်ခတ်မှုကြောင့် အခြားသောအခွင့်အရေးများကိုပါ ထိခိုက် နိုင်သည်။ ဥပမာ - လူတို့သည် စားဝတ်နေရေးအတွက် ခက်ခဲစွာဝင်ငွေရှာဖွေရလျှင် ၎င်းတို့၏ ကျန်းမာရေးကို ထိခိုက် လာနိုင်ပါသည်။ သို့မဟုတ် မိသားစုဝင်အားလုံး၏ အရင်းအမြစ်များ (အချိန်၊ စွမ်းအင်၊ ငွေကြေး) ကို စားဝတ်နေရေး အခြေခံလိုအပ်ချက်အတွက် အသုံးပြုရခြင်းကြောင့် ပညာရေး၊ မိသားစုဘဝနှင့် စိတ်အပန်းဖြေမှု၊ ယဉ်ကျေးမှုလုပ်ငန်း တို့အတွက် အချိန်၊ သို့မဟုတ် အရင်းအနှီး မရှိတော့ပေ။

ကုမ္ပဏီတို့သည် လူတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းအပေါ်တွင် ကောင်းသောသက်ရောက်မှုများလည်း ရှိသည်။ ရပ်ရွာနေသူများ အလုပ်အကိုင်များ ရရှိခြင်းနှင့် ဒေသခံစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းဖြစ်သည်။ ကုမ္ပဏီတစ်ခုမှ လမ်းအသစ်ဖောက်ခြင်းကြောင့် ရပ်ရွာနေသူများ ဈေးရောင်းဈေးဝယ် ပိုကောင်းလာခြင်းဖြင့် အသက်မွေးဝမ်းကျောင်းမှု လွယ်ကူလာစေသည်။ အကယ်၍ စီမံကိန်းတစ်ခုမှ ကမ္ဘာလှည့်ခရီးသွားများ ဒေသတွင်းသို့ခေါ်လာလျှင်လည်း ဒေသခံ များသည် မိမိတို့၏လက်မှုပစ္စည်းများ၊ အစားအစာများ ရောင်းချနိုင်သည်။

ရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်းမှုသည် အခြားသောလူ့အခွင့်အရေးပုံသဏ္ဍာန်များနှင့်လည်း ဆက်နွယ်မှု ရှိပါသည်။

## အစားအစာ ရရှိပိုင်ခွင့်

ကုမ္ပဏီလုပ်ငန်းများသည် လူတို့၏ အစာရင်းမြစ်များကို နည်းအမျိုးမျိုးဖြင့် သက်ရောက်မှုများရှိသည်။ ကုမ္ပဏီတစ်ခုသည် လယ်ယာမြေအမြောက်အများ ဝယ်ယူရန်ဆုံးဖြတ်လျှင်၊ သို့မဟုတ် အလုပ်သမားသစ်များ လာရောက်ရန်စွဲဆောင်လျှင် ထိုဒေသသည် အစာထုတ်လုပ်မှုနှင့်ပတ်သက်၍ ဝန်ပိလာနိုင်သည်။ ထိုဒေသတွင်းတွင် လိုအပ်သည့် အစာပမာဏကို ကိုက်မီအောင် ထုတ်လုပ်နိုင်စွမ်း မရှိတော့သည့်အခါ ကုန်ဈေးနှုန်းများတက်လာပြီး ဒေသနေပြည်သူများ အစာဝယ်စားရန် မတတ်နိုင်တော့ပေ။ ထိုသို့ဖြစ်ရာတွင် ကုမ္ပဏီတို့သည် အထူးအခြေအနေတစ်ရပ်အဖြစ် ဒေသတွင်း အစာထုတ်လုပ်ရေးလုပ်ငန်းများ အားကောင်းလာအောင်ကူညီခြင်း၊ သို့မဟုတ် လိုအပ်သည့်အစာများကို ပြင်ပဒေသမှ တင်သွင်းခြင်းတို့ လုပ်ရန်လိုသည်။ ကုမ္ပဏီလုပ်ငန်းများကြောင့် စိုက်ပျိုးမြေများ ညစ်ညမ်းခြင်း သို့မဟုတ် ပျက်စီးခြင်းဖြစ်လျှင် ဒေသခံတို့သည် လုံလောက်သော အစာမရနိုင်တော့ပေ။ ကုမ္ပဏီတို့သည် ဘုံစားကျက်မြေများ၊ သစ်တောများကို ဝင်ထွက်ခွင့် ပိတ်လိုက်လျှင် ရပ်ရွာနေသူတို့၏ မွေးမြူရေးတိရစ္ဆာန်များ အစာစားရန်၊ ဝင်ငွေရရန်အတွက် သစ်တောထွက်ကုန်များ ရောင်းချခြင်း မလုပ်နိုင်တော့ပေ။

ကုမ္ပဏီတို့သည် ရပ်ရွာနေသူများ၏ သီးနှံများ ထွက်နှုန်းတိုးလာအောင် အကြံပေးခြင်း၊ ကူညီခြင်းများဖြင့် ကောင်းသော အကျိုးသက်ရောက်မှုကိုလည်း ဖြစ်စေနိုင်သည်။

## ရေရရှိပိုင်ခွင့်

ကုမ္ပဏီလုပ်ငန်းတို့သည် ရေအလွန်အကျွံသုံးဆွဲပါက ရပ်ရွာရေအရင်းအမြစ်များကို ထိခိုက်စေပြီး ဒေသခံနေပြည်သူတို့ ရေအခက်အခဲ ကြုံတွေ့ရနိုင်သည်။ (ဥပမာ - ဟိုတယ်လုပ်ငန်းများမှ ရေကူးကန်များ၊ သို့မဟုတ် ဧည့်သည်များ၏ ရေအလွန်အကျွံသုံးမှုများကြောင့် ဒေသတွင်းရေရှားပါးလာခြင်း) ကုမ္ပဏီတို့သည် ရေအရင်းအမြစ်များကို ညစ်ညမ်းစေခြင်း၊ သို့မဟုတ် လမ်းကြောင်းပြောင်းစေခြင်းတို့ဖြင့်လည်း ရပ်ရွာလူထု ရေအခက်အခဲ ဖြစ်စေသည်။ ထို့ပြင် ရပ်ရွာလူထုသည် ရေသုံးစွဲရာတွင် ယခင်ကကဲ့သို့ အခမဲ့ မသုံးစွဲနိုင်တော့ဘဲ ဈေးနှုန်းမြင့်ဖြင့် ဝယ်ယူသုံးစွဲရမည့် အခြေအနေမျိုးလည်း ရှိနိုင်သည်။

ကုမ္ပဏီတို့သည် ရေရရှိရေးအခွင့်အလမ်းများ ပိုမိုကောင်းမွန်လာအောင် လုပ်ဆောင်ခြင်းဖြင့် ရပ်ရွာလူထု၏ ရေရရှိမှုအတွက် ကောင်းကျိုးဖြစ်စေနိုင်သည်။

## ဝင်ငွေရှာဖွေရေးလုပ်ငန်းများ (အလုပ် လုပ်ပိုင်ခွင့်)

ကုမ္ပဏီအသစ်တစ်ခု ဒေသတွင်းသို့ ပြောင်းရွှေ့ဝင်ရောက်လာပြီး ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုသစ်တို့ကို ပေးသောအခါ ဒေသခံစီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းသွားနိုင်သည်။ ထိုကိစ္စသည် မြန်မာနိုင်ငံတွင် တွင်ကျယ်လာသည့် ဈေးကွက်စီးပွားရေးစနစ်၏ ရှောင်လွှဲ၍မရသော သဘောပင်ဖြစ်သည်။ ဤနေရာတွင် စိုးရိမ်ရသည်မှာ ဒေသခံထိခိုက်လွယ်သူများအပေါ် ကုမ္ပဏီကြီးများ၏ သက်ရောက်မှုများဖြစ်သည်။ ထိုကုမ္ပဏီတို့သည် ဒေသခံတိုင်းရင်းသားလူနည်းစု၏ မြေနေရာများကို လျော်ကြေးမပေးဘဲ တောင်းဆိုပါသလား။ ရပ်ရွာတွင်း ဖြတ်သန်းသွားလာသော ကုန်တင်ယာဉ်များကြောင့် ဒေသရိုးလူငယ်များအတွက် ဒေသထွက်သစ်သီးများ ရောင်းချရန် ပိုခက်ခဲလာသလား။ (ပိုလွယ် ကူလာပါသလား။)

ကုမ္ပဏီတို့သည် ဒေသထွက်ကုန်များ(ရပ်ရွာလူထု၏ မရှိမဖြစ်လိုအပ်သော အခြေခံစားသုံးကုန်မဟုတ်သော ပိုလျှံသော ထွက်ကုန်များ)ကို ရပ်ရွာစီးပွားရေးလုပ်ငန်းများမှ ဝယ်ယူခြင်းဖြင့် ဒေသတွင်းဝင်ငွေတိုးပွားရေးကို အကျိုးပြုနိုင်ပါသည်။

## ဆိုးကျိုးသက်ရောက်မှုများနှင့် ပတ်သက်၍ ဆန်းစစ်ခြင်း၊ ချိန်ညှိခြင်း၊ နစ်နာမှုအတွက် လျော်ကြေး ပေးဆောင်ခြင်း

အဆိုပါကိစ္စများနှင့် ပတ်သက်သည့် သက်ရောက်မှုများကို ကုမ္ပဏီတစ်ခုနှင့် ဒေသခံအစိုးရသည် ယခင်လုပ်ဖူးသည့် အတွေ့အကြုံမရှိလျှင်၊ သို့မဟုတ် ဒေသခံပြည်သူများအား မေးမြန်းမှုမလုပ်လျှင် မသိရှိနိုင်ပါ။ ကုမ္ပဏီတစ်ခုသည် ပတ်ဝန်းကျင်နှင့် လူမှုရေးသက်ရောက်ဆန်းစစ်ချက်များ လုပ်ဆောင်ရန် လိုအပ်သောအခါ အဆိုပါကိစ္စများကို လေ့လာရန် လိုအပ်ပါသည်။ ထိုသို့လေ့လာရာတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စများကို ရပ်ရွာလူထုနှင့် တိုင်ပင်ဆွေးနွေးရန်လိုသည်။ ရပ်ရွာလူထုဘက်မှလည်း ထိုဆွေးနွေးပွဲတွင် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်မှုမရှိစေရန် ကုမ္ပဏီဘက်မှ လုပ်ဆောင်နိုင်မည့် နည်းလမ်းများကို အကြံပြုတင်ပြရန်လိုပါသည်။ ကုမ္ပဏီမှ ရပ်ရွာဒေသရှိ မြေနေရာများကို အသုံးပြုသောအခါ၊ သို့မဟုတ် ထိခိုက်စေသောအခါ နစ်နာကြေးကို ရပ်ရွာတစ်ခုလုံးအနေဖြင့်ရော၊ လူပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့်ပါ (ဥပမာ - တစ်ဦးတစ်ယောက်၏ သီးနှံများပျက်စီးမှု ဖြစ်သောအခါ) ပေးရန်လိုသည်။

*ယခုဖော်ပြပါအချက်များသည် ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများနှင့် အဘယ့်ကြောင့် သက်ဆိုင်ပါသနည်း။*

ကုမ္ပဏီတို့သည် ရပ်ရွာလူ့အဖွဲ့အစည်းတွင်းသို့ သက်ရောက်သော ပိုမိုကျယ်ပြန့်သည့်ထိခိုက်မှုများကို အမြဲ စဉ်းစားမှုမျိုး မလုပ်ပါ။ ၎င်းတို့သည် မိမိတို့၏အလုပ်သမားများကိစ္စ၊ သို့မဟုတ် ကုမ္ပဏီနှင့်တိုက်ရိုက်သက်ဆိုင်မှုမျိုး လောက်သာ အာရုံစိုက်သည်။ ရပ်ရွာလူထုပေါ် ကျရောက်နိုင်သော သွယ်ဝိုက်သက်ရောက်မှုများကို စဉ်းစားချင်မှ စဉ်းစား ပါမည်။ သို့ရာတွင် ထိုသွယ်ဝိုက်သက်ရောက်မှုများသည် ရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်းကို များစွာထိခိုက်စေနိုင်သည်။ ထို့ကြောင့် ကုမ္ပဏီများ အထူးသဖြင့် ရပ်ရွာဒေသနှင့်ထိစပ်မှုများသည့် လုပ်ငန်းကြီးတို့သည် ၎င်းတို့လုပ်ငန်းအတွက် ဆုံးဖြတ်ချက်များချမှတ်ရာတွင် တိုက်ရိုက်သက်ရောက်မှုအပြင်၊ သွယ်ဝိုက်သက်ရောက်မှုများကိုပါ ထည့်သွင်းစဉ်းစားရန်လိုသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရပ်ရွာလူထုများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ လိုအပ်ပါက ကျွမ်းကျင်ပညာရှင်များထံမှ အကြံဉာဏ်များရယူခြင်းတို့ လိုအပ်သည်။

ရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများအပေါ် ကျရောက်မည့် သက်ရောက်မှုအလားအလာများကို နားလည်ရန် ကုမ္ပဏီ၊ သို့မဟုတ် အစိုးရ၏လုပ်ငန်းများနှင့် ပတ်သက်၍ မေးခွန်းထုတ်ရန်ဖြစ်သည်။

- ကုမ္ပဏီတို့သည် ရပ်ရွာလူထုမှတင်ပြသော ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းထိခိုက်မှုများကို အပြည့်အစုံ ဖြေရှင်းပေးမှုရှိလား။ ဤအချက်သည် ကုမ္ပဏီများ၊ ရပ်ရွာလူထုနှင့် အစိုးရအတွင်း ပြောင်းလဲရမည့် လုပ်ထုံးလုပ်နည်းများနှင့် ပညာပေးရန်လိုအပ်သည့် ပမာဏအတိုင်းအတာကို သိရန်ညွှန်ပြနေသည်။
- အကယ်၍ ကုမ္ပဏီများသည် သွယ်ဝိုက်သက်ရောက်မှုများကို တာဝန်ယူမှုမရှိပါက ရပ်ရွာလူထုအတွက် ဖြေရှင်းရန် တခြား ရွေးချယ်စရာနည်းလမ်းများ ရှိသလား။

  **ဤနေရာတွင်နားလည်ရန် အရေးကြီးသည်မှာ** - ရပ်ရွာလူထုခံစားရသော ထိခိုက်မှုများအတွက် မည်သည့်ဖြေရှင်းမှုမျိုးမှ မရရှိဘူးလား၊ သို့မဟုတ် ရပ်ရွာလူထုက သူတို့ကိုယ်တိုင် သို့မဟုတ် ဒေသခံအစိုးရနှင့်အတူတွဲပြီး နစ်နာကြေးရရှိရန်နှင့် အသက်မွေးဝမ်းကျောင်းများ ပြန်လည်တည်ထောင်နိုင်ဖို့ ရွေးချယ်နေခြင်းလား သိရန်ဖြစ်သည်။

## လူ့အခွင့်အရေးဆိုင်ရာ ကိုးကားချက်များ

- စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ သဘာတူစာချုပ် ဥပဒေ (ICESCR) သည် "လုံလောက်မှုတသော လူနေမှုအဆင့်အတန်း" ရရှိခွင့်ကို ဖော်ပြသည်။ (အပိုဒ်-၁၁) ထို "လုံလောက်မှုတသော" ကို အဓိပ္ပာယ် ဖွင့်ဆိုထားခြင်းမရှိသော်လည်း ထိုအချက်သည် လူပုဂ္ဂိုလ်တစ်ဦး၏ အနီးဝန်းကျင် လူနေမှု အဆင့်အတန်းနှင့် ဆက်စပ်နေသည်။ ကုလသမဂ္ဂကမူ လူသားအားလုံးရပိုင်ခွင့်ရှိသည့် အခွင့်အလမ်းများ၏ အခြေခံ(အနည်းဆုံး) လိုအပ်ချက်များကို ပိုင်းခြားသတ်မှတ်ထားသည်။ နိုင်ငံအများသည် လူများရသင့်သည့် ဝင်ငွေပမာဏ (ဆင်းရဲနွမ်းပါးမှုမျဉ်း)ကို သတ်မှတ်ထားရှိသည်။ အစားအစာနှင့် ရေရရှိခွင့်သည် လူ့အခွင့်အရေး၏ သင့်တင့်သော လူနေမှုအဆင့်အတန်း ဖြစ်သည်။
- လူတိုင်း သင့်တင့်သောလစာဖြင့် အလုပ်လုပ်ခွင့် (ICESCR အပိုဒ် ၆) ။

This factsheet on Livelihoods has been produced by MCRB. An English version is available from www.mcrb.org.mm.